# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 11 , 2024 Volume 85 , Number 8


၁၁.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၇.၄၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၅.၂၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဝန်ဆောင်မှုများအတွက် အွန်လိုင်းငွေပေးချေမှုအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်း လက်မှတ်ရေးထိုး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြား ဝန်ဆောင်မှုများအတွက် အွန်လိုင်းငွေပေးချေမှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်း Record of Discussion – ROD လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၊နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ Amara Hotel ၊ Fantastic Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ ၊ ယူအေဘီဘဏ်လီမိတက်မှ Senior Vice President ဒေါ်သန္တာထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ MITC Website မှ ကုန်စည်ပြပွဲနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ၊ ပို့ကုန်မြှင့်တင်ရေးဗွီဒီယိုများကို ကုန်သည်လုပ်ငန်းရှင်များ သိရှိနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးဗီဇာထောက်ခံချက်လျှောက်ထားခြင်း၊ ကုန်စည်ပြပွဲတွင်ပါဝင်ပြသသူ၊လိုက်ပါသူ Exhibitor/ Visitor မှတ်ပုံတင်ခြင်းလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် MITC Website မှတစ်ဆင့် OGL လျှောက်ထားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ထို့နောက် ယူအေဘီဘဏ်လီမိတက်မှ Senior Vice President က ငွေပေးချေမှုနှင့် စပ်လျဉ်း၍ ယူအေဘီဘဏ်လီမိတက် အနေဖြင့် အစိုးရဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်ပူးပေါင်း ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် ယူအေဘီဘဏ်လီမိတက်မှ Senior Vice President တို့ကမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့်ယူအေဘီဘဏ်လီမိတက်တို့အကြားဆွေးနွေးမှုမှတ်တမ်းအား လက်မှတ် ရေးထိုးလဲလှယ်ခဲ့ကြသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ယူအေဘီဘဏ်လီမိတက်တို့အကြားဆွေးနွေးမှုမှတ်တမ်း( ROD)ကို လက်မှတ်ရေး ထိုးနိုင်ခြင်းကြောင့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများအတွက် ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စ၍ mitc.myantrade.gov. mm မှတစ်ဆင့်အွန်လိုင်းအသုံးပြုသူလုပ်ငန်းရှင်များကိုဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သတင်း ရရှိပါသည်။

**Source : ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

https://myantrade.gov.mm/

## ယခု ဒီဇင်ဘာလ၌ အမေရိကန်ဒေါ်လာ၂ သန်းကျော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီး



၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက် အတွင်း အမေရိကန် ဒေါ်လာ ၂ သန်းကျော်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပဲခူးတိုင်းဒေသကြီးသို့ဝင်ရောက်ခဲ့ကြောင်း ဒီဇင်ဘာ ၉ ရက် မွန်း လွဲပိုင်းကကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၄)က သိရသည်။

အစည်းအဝေးသို့ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် CMP စနစ်လုပ်ငန်းများ၊ တိရစ္ဆာန်အစာ ထုတ်လုပ်သည့်လုပ်ငန်းများ၊ စိုက်ပျိုးရေးသွင်းအားစုထုတ်လုပ်သည့်လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်း များနှင့် ဆိုလာစနစ်အသုံးပြုသည့်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ဆောင်ရွက် ရမည်ဟု မှာကြားသည်။

ထို့ပြင် မီးခိုးမထွက်သည့်စက်ရုံတစ်ခုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများများရရှိသည့် ခရီးသွားဝန်ဆောင်မှုကဏ္ဍများ လည်း တိုးတက်ရရှိရေးကိုဆောင်ရွက်ရမည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၅ ရပ်အနက် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ အခြားဝန် ဆောင်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍများလည်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဟု မှာကြားခဲ့သည်။


ထို့နောက် ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးကဖက်စပ်နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအသစ်တိုးခြင်း ၁ ခု၊ မြန်မာနိုင်ငံသားကုမ္ပဏီ ၂ ခုမှ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် နှစ်ဘီး၊ သုံးဘီးတပ်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း ၂ ခု၊ မတည်ရင်းနှီးငွေပမာဏတိုးမြှင့်ခြင်းလုပ်ငန်း ၁ ခု၊ လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်း လုပ်ငန်း ၁ ခုနှင့် တည်ဆောက်ရေးကာလတိုးမြှင့်ခြင်းလုပ်ငန်း ၁ ခုတို့၏ လုပ်ငန်းအမှုတွဲများကို ရှင်းလင်းတင်ပြခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ယခုနှစ် ဒီဇင်ဘာလ၌ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ဝ ဒသမ ၅၈၆ သန်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၉၄ သန်းစုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၁၄၀ ဦး အလုပ် အကိုင်များရရှိခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဒီဇင်ဘာလ ၉ ရက်အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၀၁ ဒသမ ၈၀၂သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၁၀၆,၈၄၃ ဒသမ ၈၃၂ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၂, ၈၅၇ ဦး အလုပ်အကိုင်များရရှိခဲ့ကြောင်း သိရသည်။

**Source : Popular News Journal**

## ပြည်တွင်းဝါဈေးဆက်တိုက် တက်လာ




ပြည်တွင်းဝါဈေး ဆက်တိုက်ဆိုသလို မြင့်တက်လာကြောင်း ဝါလုပ်ငန်းရှင်အချို့ထံက သိရသည်။

ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့်ဝါအထွက်နှုန်းလျော့ကျနေ ကြောင်းနှင့် ဇန်နဝါရီလမှ လှိုင်လှိုင်ပေါ်မည် ဖြစ်၍ ဈေးကွက်တွင် လက်ကျန်နည်းကာ ဈေးမြင့်တက်နေခြင်း ဖြစ်ကြောင်း သိရသည်။

“ကုန်ပစ္စည်းက စစထွက်ချင်းဆို ဈေးတက်တယ်။ အခုက လက်ကျန်နည်းနေပြီ၊ အခုချိန်က ဈေးတက်တဲ့ အချိန်ပါ။ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် ၁၀၀၀ ကျပ်ကျော် လောက်တက်တယ်”ဟု မန္တလေးတိုင်းဒေသကြီးမှ ဝါလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လ စတုတ္ထအပတ်က ဝါ တစ်ပိဿာလျှင် ၃၀၀၀ကျပ်သာ ရှိခဲ့ရာမှ ဆက်တိုက် မြင့်တက်ခဲ့ပြီး လက်ရှိတွင် တစ်ပိဿာ ၄၀၀၀ ကျပ်ကျော် အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တရုတ်ဘက်မှာလည်း အဝယ်များနေခြင်းကြောင့်ဖြစ်ကြောင်း ဝါလုပ်ငန်းရှင်အချို့ထံက သိရသည်။

မြန်မာနိုင်ငံက ဝါကို တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် တရုတ် – မြန်မာနယ်စပ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်နယ်စပ်မှ တစ်ဆင့် ကြံ၊ ရော်ဘာ ၊ ဝါဂွမ်းနှင့် လျှော်ဖြူတို့အား ပြန်လည်တင်သွင်းခွင့်ပြုထားကြောင်းလည်း သိရသည်။

ဝါကို ဂွမ်းထုပ်အဖြစ် စက်များဖြင့်ဖိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

၂၀၁၈ –၂၀၁၉ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ ဝါဂွမ်းတင်ပို့မှုမှာ ၉၁၇၂ ဒသမ ၂၀ တန်ထိ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနက သိရသည်။

လက်ကျန် ဝါများဈေးကွက်ရရှိရေးအတွက် A အဆင့် နှင့် C အဆင့် ဝါများအား တင်ဒါစနစ်ဖြင့် ဝယ်ယူပေးလျက်ရှိကြောင်း စက်မှုဝန်ကြီးဌာနက သိရသည်။

ထိုသို့ ဝယ်ယူရာတွင် အမှတ် ၃ အကြီးအစားစက်မှုလုပ်ငန်းများအတွက် ချည်မျှင်ရှည် ဝါဂွမ်း A အဆင့်ဝါ ပိဿာချိန် ရှစ်သိန်းနှင့် C အဆင့်ဝါ ပိဿာချိန် တစ်သိန်းခြောက်သောင်းအား အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ခေါ်ယူထားကြောင်း သိရသည်။

ပြည်တွင်း၌ဝါသည် ဒီဇင်ဘာလလယ်မှ စတင်ထွက်ပေါ်ကာ ဧပြီလလယ်အထိ ထွက်ပေါ်လျက်ရှိကြောင်း ဝါစိုက် တောင်သူများထံက သိရသည်။

အချို့တောင်သူများအနေဖြင့် ဝါကို မိုးနှမ်းနှင့်အတူ ၅ လပိုင်းကျော် ၆ လပိုင်း ခန့်တွင် တွဲစိုက်ကြကြောင်းလည်း သိရသည်။

ပြည်တွင်း၌ ဝါကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်များတွင် အများဆုံး စိုက်ပျိုးကြပြီး အစိုးရအနေဖြင့်လည်း ဝါကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားကြောင်းသိရသည်။

**Source :** https://htwettoe.com/

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲဇီးကွက်နှင့် ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲဇီးကွက်နှင့် ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ပဲဇီးကွက်နှင့်ပဲလွမ်းပြာများကို ပြည်တွင်းဈေးကွက်အပြင်ပြည်ပကလည်းအဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မန္တလေး ပဲ၊ နှမ်း ဈေးကွက်ထဲမှာတော့ ပဲဇီးကွက်နဲ့ ပဲလွမ်းပြာက အရောင်းအဝယ်ကောင်းတဲ့ ကုန်စည်ထဲမှာတော့ မပါပါဘူး။ အခုလတ်တလော ပဲဇီးကွက်နဲ့ပဲလွမ်းပြာကို မန္တလေးဈေးကွက်အပြင် နယ်ဘက်တွေက ကုန်သည်တွေ ပါလာပြီး ဝယ်ယူနေတာကြောင့် ဒီကုန်စည်တွေအရောင်းအဝယ်ကောင်းနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ နှမ်း ဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ ပဲဇီးကွက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အလားတူ မန္တလေးဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ ပဲလွမ်းပြာသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခုလက်ရှိ မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၆၅,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ ပြောင်း ၊ နှမ်း ဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ ကုလားပဲ V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ ကုလားပဲ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကုလားပဲ TW သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၇,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးရံ့ခြောက်ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့် အခြားဒေသများက ဝယ်ယူမှုကောင်းခြင်းကြောင့် တင်ပို့ရောင်း ချမှုကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းငါးရံ့ခြောက် ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်

ကဝယ်ယူမှုအားကောင်းနေပါတယ်။ဈေးကတော့ငါးခြောက်အကြီးအသေးအပေါ်မူတည်တာပေါ့။အခုလိုအရောင်းအဝယ်ကောင်းလာတာက ပြည်ပဈေးကွက်တင်ပို့တာနဲ့ပြည်တွင်းဝယ်ယူစားသုံးမှုများတာကြောင့်ဖြစ်ပါတယ်”ဟုကျိုက်လတ်မြို့နယ်ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

**Source: ရတနာပုံ သတင်းစာ**

## တနင်္သာရီတိုင်းဒေသကြီး၏ ရော်ဘာဈေးကွက်အခြေအနေ



တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာကို အဓိက စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လုပ်ကိုင်လျက်ရှိကြသည်။

တနင်္သာရီတိုင်းဒေသကြီး၏ ရော်ဘာစိုက်ပျိုးဧရိယာမှာ ၃၅၁,၇၇၇ ဧကဖြစ်ပြီး၊အစေးလှီးဧရိယာမှာ ၂၀၂,၇၁၉ ဧက၊ အထွက်နှုန်း ၅၀၂ ဒသမ ၂၁ ပေါင်၊ အထွက်တန်အနေဖြင့် တစ်နှစ်စာ(ပျမ်းမျှ) ထွက်တန်မှာ ၄၆,၁၇၉ မက်ထရစ်တန် ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးမှ ဒီဇင်ဘာလ ပထမပတ်အတွင်း ရော်ဘာဈေးနှုန်း အခြေအနေမှာ RSS-3 တစ်ပေါင်လျှင် ၂၉၀၀ ကျပ်နှင့် RSS-5 တစ်ပေါင် ၂၈၀၀ ကျပ် ဈေးနှုန်းရှိပြီး ယခင်နှစ်အလားတူကာလတွင် RSS-3 တစ်ပေါင်လျှင် ၁၆၅၀ကျပ်နှင့် RSS-5 တစ်ပေါင် ၁၄၅၀ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

**Source : DOCA ( တနင်္သာရီ )**

https://www.doca.gov.mm/my/node/27765

## ထောပတ်သီးများစတင်ခူးဆွတ်ရောင်းချချိန် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်၌ ထောပတ်သီးများစတင်ခူးဆွတ်ရောင်းချချိန် အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ထောပတ်သီးစိုက်ပျိုးရောင်းချသည့် တောင်သူများမိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပြီးဒေသနှင့် ကိုက်ညီသော သီးပင်၊ စားပင် နှင့်ပန်းပင်များအား မျိုးကောင်းမျိုးသန့်ရရှိရန်အတွက် စိုက်ပျိုးရေးနည်းပညာများအသုံးပြု၍ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများတွင် စနစ်တကျစိုက်ပျိုးလျက်ရှိရာ ထောပတ်သီးပင်များအား မိမိတို့နေအိမ်ခြံဝင်းများအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများရှိသကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးဧကအများအပြား စိုက်ပျိုးကြသူများလည်းရှိသည်။

ထိုသို့ စိုက်ပျိုးရာကြရာတွင် တောင်ပေါ်ဒေသများဖြစ်သည့် မဲနယ်တောင်ကျေးရွာ၊ပန်းစစ်ကျေးရွာ၊ဆီးကျအင်း ကျေးရွာနှင့် အခြားသောတောင်ပေါ်ဒေသများတွင် မတ်လမှစတင်ခူးဆွတ်ရောင်းချကြရပြီး မြေပြန့်ဒေသများ၌ စိုက်ပျိုးထားသည့် ထောပတ်သီးများအား ဒီဇင်ဘာလအတွင်း ခူးဆွတ်ရောင်းချကြရကြောင်း သိရသည်။

ပင်းတယမြို့နယ်မှထွက်ရှိသော ထောပတ်သီးများကို ရန်ကုန်၊ တာချီလိတ်နှင့်အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: မြဝတီသတင်းစာ**

## ဖိလစ်ပိုင်နိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အား ၂၀၂၇ တွင် အပြီးသတ်ရန် အီးယူမျှော်လင့်

သမ္မတမားကို့စ်အနေဖြင့် ဖိလစ်ပိုင်-အီးယူ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (FTA) ကို အကောင်အထည်ဖော်မည့်အစီအစဉ် ကာလသတ်မှတ်ချက် ရေးဆွဲထားသည်ကို ကြားသိရကြောင်း EU External Action Service EEAS ၏ အာရှပစိဖိတ်ဆိုင်ရာဦးဆောင်ညွှန်ကြားရေးမှူးက ဒီဇင်ဘာလ ၄ ရက်၌ ပြောကြားခဲ့သည်။

ဖိလစ်ပိုင်ဘက်မှ schedule အတိုင်း ပူးပေါင်းသွားရန် အသင့်ရှိပါကြောင်း၊ အီးယူအနေဖြင့် ဗီယက်နမ်၊ စင်ကာပူကဲ့သို့ပင် ဖိလစ်ပိုင်နိုင်ငံနှင့် FTA ရေးထိုးပြီး အီးယူဖိလစ်ပိုင်ကုန်သွယ်မှုတိုးမြှင့်သွားလိုကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ကုန်သွယ်ရေးသဘောတူညီချက်အား ၂၀၂၆ ခုနှစ်တွင် အပြီးသတ် ဆွေးနွေးသွားမည်ဖြစ်ပြီး သမ္မတမားကို့စ်အစိုးရမှ ၂၀၂၇ ခုနှစ်တွင် ခြုံငုံသုံးသပ် လေ့လာသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် ဖိလစ်ပိုင်နိုင်ငံအား upper middle-income status မှ ၂၀၂၆ ခုနှစ်တွင် လွတ်မြောက်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသဖြင့် ဖိလစ်ပိုင်နိုင်ငံသည် အီးယူမှရရှိလျက်ရှိနေသည့် ကုန်သွယ်မှုဆိုင်ရာအခွင့်အရေးများ ဆုံးရှုံးနိုင်သည့် ကာလပိုင်း ခြား ကွာဟမှုမရှိစေရေး အချိန်မီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဝင်ငွေအဆင့်နိမ့်ပါးသည့် နိုင်ငံများသာရရှိသည့် EU GSP+ အစီအစဉ်အားခံစားလျက်ရှိသော နိုင်ငံဖြစ်ပြီး ၎င်းမှ ကုန်ပစ္စည်းပေါင်း ၆,၂၇၄ ခုအတွက် အခွန်သက်သာခွင့် ဝ ရာခိုင်နှုန်း Duties ရရှိထားပါသည်။

ထိုသို့ရရှိခံစားနိုင်ရန် ဖိလစ်ပိုင် နိုင်ငံအနေဖြင့် လူ့အခွင့်အရေး၊ အလုပ်သမား၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ပါဝင်သည့် နိုင်ငံတကာသဘောတူညီချက် international conventions ၂၇ ချက်ကိုလေးစားလိုက်နာရန် လိုအပ်ပါသည်။

EU GSP+ အစီအစဉ်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလကသက်တမ်းကုန်ဆုံးပြီဖြစ်သဖြင့် သက်တမ်းတိုးဆောင်ရွက်လျက်ရှိပြီး ၂၀၂၇ ခုနှစ်အထိသာ သက်တမ်းရရှိမည်ဖြစ်ပါ သည်။

အီးယူအနေဖြင့်လည်းအသား၊ စိုက်ပျိုးရေးပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ မော်တော်ယာဉ်ပစ္စည်းများ တို့ကို စျေးကွက်ချိတ်ဆက်မှု တိုးမြှင့်သွားလိုသဖြင့်ညှိနှိုင်းမှုကိုလုပ်ဆောင်လိုပါကြောင်း၊ အလားတူ ဖိလစ်ပိုင်နိုင်ငံသည်လည်း စိုက်ပျိုး ရေးထုတ်ကုန်ပစ္စည်းများ ပိုမိုချိတ်ဆက်တင်ပို့လိုပါကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် အီးယူသည် ဖိလစ်ပိုင်နိုင်ငံ၏ Green Financing နှင့် Critical Law Material ကဲ့သို့သော ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားလိုသဖြင့် ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် အခြားသောသက်ဆိုင်ရာ အစိုးရအေဂျင်စီများနှင့်လည်း နိုဝင်ဘာလက တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲအပြီး ဖိလစ်ပိုင်၊ အီးယူ နှစ်နိုင်ငံပူးတွဲထုတ်ပြန်ချက်တွင် Green Economy ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအသစ်ကို ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အီးယူမှ ထောက်ပံ့ပေးသည့် ချေးငွေများဖြင့် ဦးစားပေးကဏ္ဍအသီးသီးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးသည် ဖိလစ်ပိုင်နိုင်ငံသို့ ဇွန်လက လာရောက်ခဲ့ပြီး ၂၀၂၇ ခုနှစ်၊ EU GSP+ အစီအစဉ် သက်တမ်းမကုန်ဆုံးမီအီးယူနှင့်ဖိလစ်ပိုင်ကုန်သွယ်ရေးသဘောတူညီချက်အားအချိန်မီလက်မှတ်ရေးထိုးနိုင်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဟုပြောကြားခဲ့ကြောင်း၊ ကုန်သွယ်ဖက်နိုင်ငံများအချင်းချင်းကုန်သွယ်ရေးသဘောတူညီချက်များအား ညှိနှိုင်းရာတွင် သတိထားဆောင်ရွက်ရန်မှာအရေးကြီးပြီး နှစ်နိုင်ငံကြားနိုင်ငံရေးအခြေအနေကများစွာကူညီပေးနိုင်ပါကြောင်း၊ အီးယူ အဖွဲ့ဝင်နိုင်ငံများကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်နက်ရှိုင်းစွာဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ဖိလစ်ပိုင်ခရီးစဉ်နှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်ကို သိရသည်။

**Source:** https://myantrade.gov.mm/article/Naypyitawstp-101220240205

## ဗီယက်နမ်နိုင်ငံ၏ သစ်အချောထည်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံအထိရှိလာနိုင်



ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်ထွက်ကုန်ပစ္စည်းများ တင်ပို့မှုသည် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံမှ ၁၆ ဘီလီယံအထိရှိမည်ဟု ခန့်မှန်းထားပြီး ပထမ ၁၀ လ အတွင်း ဒေါ်လာ ၁၃ ဒသမ ၁၈ ဘီလီယံအထိ ရရှိခဲ့ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ သစ်နှင့်သစ်ထွက်ပစ္စည်းများကို အများဆုံးတင်သွင်းလျက်ရှိပြီး ဈေးကွက်ဝေစုထက်ဝက်ကျော်မျှရှိကာ ၎င်း၏နောက်တွင် တရုတ်နှင့်ဂျပန်တို့မှအများဆုံးတင်သွင်းသူအဖြစ် ရပ်တည်လျက်ရှိသည်။

ဗီယက်နမ်၏ ထိပ်တန်းပို့ကုန် ၁၅ ခုအနက် သစ်နှင့်သစ်ထွက်ကုန်ပစ္စည်းများ စပိန်သို့တင်ပို့မှုသည် ၆၃ ရာခိုင်နှုန်းအထိသိသာစွာမြင့်တက်လာခဲ့သည်။

ပြည်တွင်းသစ်အချောထည်လုပ်ငန်းများသည်လည်း လာမည့်နှစ်ပထမဆုံး သုံးလပတ်အထိ အမှာစာများ ခိုင်မာစွာရထားပြီးဖြစ်ကြောင်းသိရသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် အသိအမှတ်ပြုထားသောရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုအသစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့်သစ်တောထွက်ပစ္စည်းများသုံးစွဲမှုနှင့်ဆက်စပ်သောသစ်တောစိုက်ပျိုးထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန် မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


**Source : Xinhua**

**DOCA ရန်ကုန်**

https://www.doca.gov.mm/my/node/27798

TIR

## တရုတ်သည် ကမ္ဘောဒီးယား၏ စွမ်းအင်ကဏ္ဍတွင် စိတ်ဝင်စားလျက်ရှိ




တရုတ်နိုင်ငံZhejiangပြည်နယ်မှကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၏စွမ်းအင်ကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း ကမ္ဘောဒီးယားဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(CDC) မှ ထုတ်ပြန်ခဲ့သည်။

CDC ၏ ထုတ်ပြန်ချက်အရ အစည်းအဝေးတွင် ကမ္ဘောဒီးယားရှိရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများနှင့်Zhejiang Energy Group ZEG ၏လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ချီရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ ကျောက်မီးသွေး၊ Solar နှင့် သဘာဝဓာတ်ငွေ့ LNG အသုံးပြု မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

Zhejiang Energy Group ZEG သည် Zhejiang ပြည်နယ်တွင် အကြီးဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်ကုမ္ပဏီဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့အားဦးစားပေးကဏ္ဍအချို့တွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကမ္ဘောဒီးယားတွင်ရင်းနှီးမြှုပ်နှံမှုမြင့်မားတိုးတက်ရေးနှင့် နိုင်ငံအတွင်းအထူးစီးပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကမ္ဘောဒီးယားရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ ဒုတိယအထွေထွေအတွင်းရေးမှူး Suon Sopha ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲတွင် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Yang Yaming သည် ကမ္ဘောဒီးယားရှိရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ပတ်သက်သည့်သတင်းအချက်အလက်များအကြားတွေ့ဆုံရန် သဘောတူညီခဲ့ကြသည့် ဒုတိယအထွေထွေအတွင်းရေးမှူးနှင့်အခြားတာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

Yang Yaming သည် ZEG ၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ အကျဉ်းချုံးပြောကြားခဲ့ပြီး ကမ္ဘောဒီးယားလျှပ်စစ်ကဏ္ဍတွင်ခေတ်မီရေစီးကြောင်းများကိုမျှဝေကာကမ္ဘောဒီးယားတွင်ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားကြောင်းထပ်မံပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၁၂ နှစ်အတွင်း ကမ္ဘောဒီးယားတွင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင်အကြီးမားဆုံးနိုင်ငံဖြစ်ခဲ့ပြီး နိုင်ငံ၏အခြေခံအဆောက်အအုံစီမံကိန်းအချို့ကိုတည်ဆောက်ရာတွင်ကူညီခြင်း ၎င်းတို့၏ထိပ်တန်းဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံလည်းဖြစ်လာခဲ့သည်။

ကမ္ဘောဒီးယား- တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (CCFTA )နှင့်ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သည် တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားသို့ရင်းနှီးမြှုပ်နှံမှုအသစ်များ ဆွဲဆောင်ခြင်းအပြင်နှစ်နိုင်ငံအကြားအပြန်အလှန်ကုန်သွယ်မှုကို အရှိန်မြှင့်တင်ပေးခဲ့သည်။

**Source: Khmer Times**

**DOCA ရန်ကုန်**

https://www.doca.gov.mm/my/node/27802

## STOCK EXCHANGE (11.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,485 (Shares) | 9,468,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 135 | 1,134,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 258 | 820,550 | 38,929,150 | 124,573 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 11 | 90,300 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 911 | 1,740,950 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 265 | 795,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 730 | 1,241,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | -100 | -2.22% | 4,400 | 4,400 | 4,400 | 3 | 13,200 | 10,497,598 | 46,189 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 1,172 | 3,633,200 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.40 | -2.99 | -0.76% | 391.47 | 391.95 | 390.69 | 3,485 | 9,468,200 | 8 | 738,243 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 3,586 (Shares) | 9,796,450 (MMK) |

## Main Board

As of 1:00 pm, 11th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,485 (Shares) | 9,468,200 (MMK) |

| MYANPIX | 391.40 ▼ 2.99 |
|---|---|
| Total Volume (shares) | 3,485 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 738,243 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,400 | ▼ 100 |
| MAEX | 00008 | 3,100 | ▼ 50 |

TIR